ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း ကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက်ငါတို့၏ အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၉/၂၀၂၂)

အမှတ်စဉ် (၁၉/၂၀၂၂) http://www.nugmyanmar.org ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ (၅) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ တော်လှန်ရေးအမြန်ဆုံး အဆုံးသတ်နိုင်ရေး နည်းလမ်းမှန်မှန်ဖြင့် အားစိုက်လုပ်ဆောင်ကြရန် အစိုးရအဖွဲ့အား ယာယီသမ္မတတိုက်တွန်း

တော်လှန်ရေးအမြန်ဆုံး အဆုံးသတ်နိုင်ရေး နည်းလမ်းမှန်မှန်ဖြင့်အားစိုက်လုပ်ဆောင်ကြရန် အစိုးရအဖွဲ့အား ယာယီသမ္မတ ဒူဝါလရှီးလ က ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၏ (၆၅) ကြိမ်မြောက် အစည်းအဝေး၌ တိုက်တွန်းပြောကြားခဲ့သည်။

“ပြည်သူလူထုအနေဖြင့်လည်း အာဏာသိမ်းစစ်ကောင်စီရဲ့ ဆိုးယုတ်အကြမ်းဖက်မှုများကို နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစားနေကြရတာတွေ့မြင်နေရပါတယ်။ မိမိတို့အစိုးရအနေဖြင့်လည်း ယခုတော်လှန်ရေးကို အမြန်ဆုံး အဆုံးသတ်နိုင်ဖို့ အမြဲသတိရ အားစိုက်ကာ နည်းလမ်းမှန်မှန်ဖြင့် ဦးဆောင်နိုင်ဖို့ လိုပါတယ်” ဟု ယာယီသမ္မတ ဒူဝါလရှီးလက တိုက်တွန်းပြောကြားခဲ့သည်။

တော်လှန်ရေးခရီး အမြန်အောင်မြင်ရန် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ အခန်းကဏ္ဍမှာ အထူးအရေးကြီးကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ အနေဖြင့် မဟာမိတ်တိုင်းရင်းသားလက်နက်ကိုင်များကို ချည်းကပ်ပြီး တိုင်းပြည်တည်ဆောက်ရေးကဏ္ဍတွင် အတူတကွ လက်တွဲနိုင်ရန် ကြိုးပမ်းချိတ်ဆက်ခဲ့ကြောင်း ယနေ့အချိန်တွင် အတူလက်တွဲချိတ်ဆက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်များရှိသကဲ့သို့ ဆက်လက်ပြီးကြိုးစားရမည့်အဖွဲ့များလည်း ကျန်ရှိနေသေးကြောင်း အစိုးရအဖွဲ့ဝင်များအနေဖြင့် ချိတ်ဆက်ဆောင်ရွက်မှုများမှာ ယုံကြည်မှုပိုမိုတိုးတက်လာအောင်၊ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုတိုးတက်လာအောင် အစွမ်းကုန်ကြိုးပမ်းကြရန် ယာယီသမ္မတက တိုက်တွန်းပြောကြားခဲ့ပါသည်။

https://bit.ly/3RjAt38

၂။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်ကို ကြားကာလ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ဖြစ်သော ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၅၄-၅၆ ကို ကြားကာလ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်လိုက်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတ ဒူဝါလရှီးလက ထုတ်ပြန်လိုက်သည်။

စာမျက်နှာ (၂) သို့

စာမျက်နှာ (၁) မှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

နိုင်ငံတော်သမ္မတရုံး

presidentoffice@nugmyanmar.org

အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂)

၂၀၂၂ခုနှစ်၊ စက်တင်ဘာလ (၂) ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၆၅)၏ အတည်ပြုချက်အရ အမွေအနှစ်ဆိုင်ရာ ကြားကာလစီမံအုပ်ချုပ်မှုဗဟိုအဖွဲ့မှ ထုတ်ပြန်ထားသော ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက် အမှတ်စဉ် ၅၊ ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၉) ပါ ဥပဒေပုဒ်မ၂(က)၊ (ခ) တို့နှင့်အညီ အမှတ်(၅၄-၅၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိသော ခြံဝန်းဧရိယာ (၁.၉၂၃) ဧကနှင့် ယင်းမြေဧရိယာ (၁.၉၂၃) ဧကပေါ်တွင်ရှိသော ရွှေ့ပြောင်း၍ မရသည့် အဆောက်အအုံ အားလုံးအား ကြားကာလ၏ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်သည်။

၂။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထားသော ယင်းမြေနှင့် အဆောက်အအုံနေရာအား မည်သူမဆို ပိုင်ဆိုင်ခြင်း၊ ပိုင်ဆိုင်ရန်ကြိုးစားခြင်း၊ ရောင်းချခြင်း၊ ရောင်းချရန်ကြိုးစားခြင်း၊ ဖျက်ဆီးခြင်း၊ ဖျက်ဆီးရန်ကြိုးစားခြင်း၊ ပုံစံပြောင်းခြင်း၊ ပြင်ဆင်ခြင်း၊ အခြားနည်း အသုံးချခြင်းများအား တင်းကြပ်စွာတားမြစ်သည်။

၃။ အပိုဒ်-၂ ပါ တားမြစ်ချက်များအပေါ် ဖောက်ဖျက်ကျူးလွန်ပါက ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၉)၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ (၁၉၈၇) တို့အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့နှင့်အညီ အရေးယူ ဆောင်ရွက်သွားမည့်အပြင် အဆိုပါ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအား အမည်မည်းစာရင်း (Black List) ထည့်သွင်းသွားမည်ဖြစ်သည်။

၂/၉/၂၀၂၂

ဒူဝါလရှီးလ

နိုင်ငံတော်ယာယီသမ္မတ

အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ထုတ်ပြန်ချက်ထဲတွင် အမှတ်(၅၄-၅၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိသော ခြံဝန်းဧရိယာ (၁.၉၂၃) ဧကနှင့် ယင်းမြေဧရိယာ (၁.၉၂၃) ဧကပေါ်တွင်ရှိသော ရွှေ့ပြောင်း၍ မရသည့် အဆောက်အအုံ အားလုံးအား ကြားကာလ၏ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်လိုက်ကြောင်း ဖော်ပြထားသည်။

ယင်းသို့ လုပ်ဆောင်ရာမှာ အမျိုးသားညီညွတ်ရေးအစိုးရ၊ အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၆၅)၏ အတည်ပြုချက်အရ အမွေအနှစ်ဆိုင်ရာ ကြားကာလစီမံအုပ်ချုပ်မှုဗဟိုအဖွဲ့မှ ထုတ်ပြန်ထားသော ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက် အမှတ်စဉ် ၅၊ ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၉) ပါ ဥပဒေပုဒ်မ၂(က)၊ (ခ) တို့နှင့်အညီ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုအပြင် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထားသော ယင်းမြေနှင့် အဆောက်အအုံနေရာအား မည်သူမဆို ပိုင်ဆိုင်ခြင်း၊ ပိုင်ဆိုင်ရန်ကြိုးစားခြင်း၊ ရောင်းချခြင်း၊ ရောင်းချရန်ကြိုးစားခြင်း၊ ဖျက်ဆီးခြင်း၊ ဖျက်ဆီးရန်ကြိုးစားခြင်း၊ ပုံစံပြောင်းခြင်း၊ ပြင်ဆင်ခြင်း၊ အခြားနည်း အသုံးချခြင်းများအား တင်းကြပ်စွာတားမြစ်ထားကြောင်းလည်း ဖော်ပြထားသည်။

အပိုဒ်-၂ ပါ တားမြစ်ချက်များအပေါ် ဖောက်ဖျက်ကျူးလွန်ပါက ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၉)၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ (၁၉၈၇) တို့အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့နှင့်အညီ အရေးယူ ဆောင်ရွက်သွားမည့်အပြင် အဆိုပါ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအား နာမည်ပျက်စာရင်း (Black List) ထည့်သွင်းသွားမည်ဖြစ်ကြောင်းလည်း အမျိုးသားညီညွတ်ရေးအစိုးရက အသိပေးထားသည်။ https://bit.ly/3TTITAe

၃။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခိုလှုံနေကြသည့် ရိုဟင်ဂျာများ အိမ်ပြန်နိုင်ရေး အချက် ၃ ချက်ကို လုပ်ဆောင်နေကြောင်း NUG ပြည်ထောင်စုဝန်ကြီးချုပ် ထပ်မံကတိပြုပြောကြား

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ခိုလှုံနေကြတဲ့ ရိုဟင်ဂျာပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံခဲ့ပြီး ရိုဟင်ဂျာများအိမ်ပြန်နိုင်ရေး အတွက် အချက် ၃ ချက်ကို လုပ်ဆောင်နေကြောင်း NUG ပြည်ထောင်စုဝန်ကြီးချုပ်က ဩဂုတ် ၂၉ ရက်တွင် ထပ်မံကတိပြု ပြောကြားခဲ့သည်။

“အိမ်နီးနားချင်းနိုင်ငံတွေမှာ ခိုလှုံနေကြရတဲ့ ရိုဟင်ဂျာဒုက္ခသည်တွေ မိမိသဘောဆန္ဒဖြင့်၊ ဂုဏ်သိက္ခာရှိရှိ၊ လုံခြုံမှုရှိရှိဖြင့် ရေရှည်တည်တံ့သော ပြည်တော်ပြန်နိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရဟာ ရိုဟင်ဂျာပြည်သူများ၊ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများ၊ ဘင်္ဂလားဒေ့ရှ်အစိုးရ နှင့် ကုလသမဂ္ဂတို့ နှင့်အတူ ရိုဟင်ဂျာ ပြည်သူတွေ အိမ်ပြန်နိုင်ရေး အတွက် ကောင်းမွန်သင့်တော်သော အခြေအနေများ ဖန်တီးရန် ကြိုးစားနေကြောင်း ထပ်မံကတိပြုလိုပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ပြောကြားခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ရိုဟင်ဂျာများအတွက် တရားမျှတမှုနဲ့ တာဝန်ယူမှုတည်ဆောက်ခြင်း၊ ရိုဟင်ဂျာပြည်သူများ ပြည်တော်ပြန်နိုင်ရေး အထောက်အကူပြုရန် အခြေအနေများ ဖန်တီးခြင်းနှင့် ဥပဒေအရနှင့် လက်တွေ့အရ တန်းတူညီမျှမှု ပေးနိုင်ရန်ကြိုးပမ်းခြင်း စသည့်အချက် ၃ ချက်ကို လုပ်ဆောင်နေကြောင်း ပြည်ထောင်စုဝန်ကြီးချုပ်က ပြောကြားသည်။

ကတိပြုထားသည်များကို အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် ဒီမိုကရေစီစနစ် တည်တံ့ခိုင်မြဲမှု ၊ ရက်စက်ကြမ်းကြုတ်မှုများ အဆုံးသတ်နိုင်မှုနှင့် အကြမ်းဖက်စစ်တပ်အား အနိုင်ယူနိုင်မှုတို့အပေါ် များစွာမူတည်နေကြောင်း နှင့် အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် ရိုဟင်ဂျာများဆိုင်ရာ မူဝါဒတွင် ဖော်ပြထားသည့် အချက်များကို လူ့အခွင့်အရေးအပေါ် လေးစားသည့်စိတ်ရင်းကိုအခြေခံပြီး ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။ https://bit.ly/3TVcsl1

၄ ။ CDM များအား ဖိနှိပ်မှုပြုလုပ်နေသည့် Non CDM ဝန်ထမ်းအရာရှိ ၁၇၇ ဦး အား NUG က အမည်ပျက်စာရင်းသွင်းပြီး ရာထူးကထုတ်ပယ်

CDM များကို ဖိနှိပ်မှုပြုလုပ်နေသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ Non CDM ဝန်ထမ်း အရာရှိ ၁၇၇ ဦးကို အမျိုးသားညီညွတ်ရေးအစိုးရက ပြည်ထောင်စုဝန်ကြီး မန်းဝင်းခိုင်သန်းအမိန့်ဖြင့် အမည်ပျက်စာရင်းသွင်းပြီး ရာထူးက ထုတ်ပယ်လိုက်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဝန်ကြီးရုံး (ယဉ်ကျေးမှု)မှ ၁၃ ဦး၊ အနုပညာဦးစီးဌာနမှ ၁၈ ဦး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ၁၀၀ ဦး နှင့် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက် ဦးစီးဌာနမှ ၄၆ ဦး စုစုပေါင်း ၁၇၇ ဦးတို့အား ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။

အမည်ပျက်စာရင်းနှင့်ရာထူးမှထုတ်ပယ်ခံလိုက်ရတဲ့သူများမှာ CDM ဝန်ထမ်းများအား ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရာထူးထုတ်ပယ်ခြင်း၊ တရားစွဲခြင်း၊ ပြန်ဆပ်ရန်မလိုတော့သည့် ချေးငွေများအား အတင်းအဓမ္မ ပြန်လည်ပေးဆောင်ခိုင်းခြင်း စသည့်ဖိနှိပ်မှုအမျိုးမျိုးကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်းဖော်ပြထား သည်။

အမျိုးသားညီညွတ်ရေးအစိုးရ ဝန်ကြီးချုပ်ရုံးအနေဖြင့် အောက်တိုဘာလမှစတင်ကာ အမိန့်အာဏာ ဖီဆန်ရေးလှုပ်ရှားမှု CDM မှာပါဝင်ခဲ့ကြသည့် ဝန်ကြီးဌာနမဖွဲ့ရသေးသော ဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း သူရဲကောင်းများ၏ လူမှုဖူလုံရေး၊ လုံခြုံဘေးကင်းရေးနှင့် ဖိအားကင်းစင်ရေး တို့အတွက် အလေးထားဆောင်ရွက်နေကြောင်း ဖော်ပြထားသည်။

https://bit.ly/3AQULu4

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုဝန်ကြီးချုပ်ရုံး

အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

အမည်ပျက်စာရင်း ကြေညာခြင်းနှင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရသည် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အကြမ်းဖက်စစ်ကောင်စီ၏ လက်အောက်တွင် ဆက်လက်တာဝန်ထမ်းဆောင်ခြင်းမပြုဘဲ ဓမ္မဘက်မှရပ်တည်၍ ပြည်သူနှင့်တစ်သားတည်းဖြစ်စေရန်နှင့် အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM) တွင်ပါဝင်ကြစေရန် အကြိမ်ကြိမ် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး ဖြစ်ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုဝန်ကြီးချုပ်ရုံး အနေဖြင့်လည်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်ခဲ့ကြပြီး ဝန်ကြီးဌာန မဖွဲ့စည်းရသေးသော ဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းသူရဲကောင်းများ၏ လူမှုဖူလုံရေး၊ ဘေးကင်းလုံခြုံရေး နှင့် ဖိအားကင်းစင်ရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ တရားမဝင် အာဏာသိမ်းစစ်ကောင်စီ၏ လက်အောက်တွင် ဆက်လက်တာဝန် ထမ်းဆောင်နေပြီး CDM ဝန်ထမ်းများအား ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ တရားစွဲဆိုခြင်းနှင့် ဥပဒေနှင့်အညီ ပြန်ဆပ်ရန်မလိုတော့သည့် လစာ ချေးငွေများအား အတင်းအဓမ္မ ပြန်လည်ပေးဆပ်ခိုင်းခြင်းများ စသည့် အမျိုးမျိုးသော ဖိနှိပ်မှုများကို ကျူးလွန်နေသော **“သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) လက်အောက်ရှိ ဝန်ကြီးရုံး (ယဉ်ကျေးမှု)၊ ယဉ်ကျေးမှုဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**”တို့မှ အောက်ဖော်ပြပါဝန်ထမ်းများအား အမည်ပျက် စာရင်းသွင်းလိုက်ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)လိုက်သည်-

ဝန်ကြီးရုံး(ယဉ်ကျေးမှု)

စဉ်	အမည်	ရာထူး/တာဝန်	ဌာန
(က)	ဒေါ်ချိုဇင်မြင့်	ဒုတိယဦးစီးမှူး	မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း



ကာကွယ်ရေးဝန်ကြီးဌာန

၅။ ဒရုန်းတိုက်ခိုက်ရေးတပ်များကို အထောက်အကူပြုနိုင်ရန် ဘဏ္ဍာငွေရှာဖွေရေး Project Skywalk စတင်ပြီဖြစ်ကြောင်း NUG ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်

ဒရုန်းတိုက်ခိုက်ရေးတပ်များကို အထောက်အကူပြုနိုင်ရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက ဘဏ္ဍာငွေရှာဖွေရေး Project Skywalk ကို စတင်နေပြီဖြစ်ပြီး ဩဂုတ် ၃၀ မှစက်တင်ဘာလ ၁၅ ရက်အထိ Campaign ကာလ ၂ ပတ်အတွင်း အနည်းဆုံးအမေရိကန်ဒေါ်လာ တစ်သန်း ရရှိရန်မျှော်မှန်းထားကြောင်း ဩဂုတ် ၃၀ ရက်တွင်ဖော်ပြထားသည်။

မျှော်မှန်းထားသည့်အမေရိကန်ဒေါ်လာ တစ်သန်းကျော်မှာ တိုက်ပွဲဝင်နေသည့် drone squad များအတွက် မဟာဗျူဟာကျသည့်ပစ္စည်းများကို အတိုင်းအတာ တစ်ခုအထိ ထိထိရောက်ရောက် တပ်ဆင်ပေးနိုင်မည့် ပမာဏဖြစ်ကြောင်း Project Skywalk ကို အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကဦးစီးပြီး ပြုလုပ်ခြင်းဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

ဒရုန်းများကို တိုက်ခိုက်ရေး တစ်ခုတည်းအတွက်သာ မကဘဲ ကင်းထောက်ခြင်းနှင့် ဝါဒဖြန့်ချီရေးကဏ္ဍများမှာပါ အသုံးပြုနိုင်တာဖြစ်သည့်အတွက်ကြောင့် တော်လှန်ရေးတွင် အလှည့်အပြောင်းများလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ဒရုန်းများ၏ အရေးပါမှုကို မြေပြင်တိုက်ပွဲများကိုကြည့်ခြင်းဖြင့် တွေ့ရမည်ဖြစ်ကြောင်းနှင့် ပါဝင်နိုင်မည့်နည်းလမ်းများအား https://bit.ly/3cNy55S

တွင်ဝင်ရောက် လေ့လာနိုင်ကြောင်း Project Skywalk ပရောဂျက်ကဖော်ပြထားသည်။ https://bit.ly/3Qi02QM

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

၆။ အကြမ်းဖက်စစ်ကောင်စီ၏ ဥပဒေမဲ့ သတ်ဖြတ်ခြင်းများအတွက် သက်သေနှင့်တကွ ပေးပို့တိုင်ကြားနိုင်ကြောင်း လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနထုတ်ပြန်

အကြမ်းဖက်စစ်ကောင်စီ၏ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ အတွက် ပြည်သူများအနေဖြင့်သက်သေများ ရရှိလာပါက အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်ရေးဝန်ကြီးဌာနဆီကိုသာမကဘဲ ခိုင်မာယုံကြည်ရသည့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသည့် အဖွဲ့အစည်းများကို ပေးပို့တိုင်ကြားနိုင်ကြောင်း လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက ဩဂုတ် ၂၉ တွင် ထုတ်ပြန်ခဲ့သည်။

"အကြမ်းဖက်စစ်ကောင်စီကို ထိုက်တန်ကြီးလေးတဲ့ ပြစ်ဒဏ်တွေပေးနိုင်ဖို့ စစ်ကောင်စီ ကျူးလွန်မှုခိုင်လုံကြောင်း သက်သေတွေရရှိနိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့လည်း ရရှိလာတဲ့ သက်သေတွေကို လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနကိုသာမက ခိုင်မာယုံကြည်ရတဲ့ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားတဲ့ အဖွဲ့အစည်းတွေကို ပေးပို့တိုင်ကြားနိုင်တဲ့အကြောင်း ထပ်လောင်း တင်ပြအပ်ပါတယ်" ဟု လူ့အခွင့်ရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၃)ပါ ပြဌာန်းချက်မှာ "လူတိုင်း အသက်ရှင်ခွင့်၊ လုံခြုံခွင့်နှင့်လွတ်လပ်ခွင့် ရှိသည်။" ဟူသည့် ပြဌာန်းချက်အရ အသက်ရှင်သန်နိုင်ခွင့်မှာ အခြေခံအကျဆုံး လူ့အခွင့်အရေး တစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံတိုင်းတွင်ရှိသည့် အစိုးရများမှာ နိုင်ငံသားများ၏ အသက်ရှင်သန်နိုင်မှုနှင့် လုံခြုံမှုကိုခံစားရရှိနိုင်ရန် နည်းလမ်းမျိုးစုံသုံးပြီး အာမခံကာကွယ်ပေးနေသော်လည်း မြန်မာနိုင်ငံ၏လက်ရှိကာလတွင် ကြုံတွေ့ခံစားနေရသည့် စစ်အာဏာရှင်များမှာ အာဏာတည်မြဲရေးအတွက် တန်ဖိုးရှိသည့်လူ့အသက်များကို နည်းမျိုးစုံဖြင့်သတ်ဖြတ်ကာ ရာဇဝတ်မှုများ ဆက်တိုက်ကျူးလွန်လျက်ရှိနေကြောင်း လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနက ထောက်ပြပြောကြားထားသည်။ https://bit.ly/3Bggmh0

အလုပ်သမားဝန်ကြီးဌာန

၇။ အလုပ်သမားများနှင့် အလုပ်ခန့်ထားမှုအပေါ် ခွဲခြားဆက်ဆံမှုများ ပြုလုပ်နေခြင်းအား ထိရောက်စွာအရေး ယူသွားမည်ဟု NUG ထုတ်ပြန်

အလုပ်သမားများနှင့် အလုပ်ခန့်ထားမှုအပေါ် ခွဲခြားဆက်ဆံမှုများ ပြုလုပ်နေခြင်းအား ထိရောက်စွာ အရေးယူသွားမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ အလုပ်သမားဝန်ကြီးဌာနက ဩဂုတ် ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ သည်။

အကြမ်းဖက်စစ်တပ်နှင့် ၎င်းတို့၏ အပေါင်းအပါလုပ်ငန်းရှင်များသည် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြု၍ အလုပ်သမားများအပေါ် ဥပဒေမဲ့ရမ်းကားမှုများ ပြောင်ပြောင်တင်းတင်း လုပ်ဆောင်နေပြီး စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့ အပါအဝင် ပြည်နယ်အချို့မှ အလုပ်သမားများအား ၎င်းတို့ ကိုင်ဆောင်ထားသည့် မှတ်ပုံတင်ကို အခြေခံ၍ အလုပ်ထုတ်ခြင်း၊ အလုပ်မခန့်ခြင်း၊ အကြမ်းဖက်စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ အဆောင်များတွင်ဆက်လက်နေထိုင်ခွင့်မရရန် ဖိအားပေးခြင်း စသည့်နည်းလမ်းမျိုးစုံဖြင့်ဖိနှိပ်မှုများ ပြုလုပ်နေကြောင်း ဖော်ပြထားသည်။

လုပ်ငန်းခွင် သို့မဟုတ် အလုပ်ခန့်ထားမှုတွင် တနည်းနည်းဖြင့် ခွဲခြားဆက်ဆံခံရသော အလုပ်သမားများအနေဖြင့် အလုပ်သမားဝန်ကြီးဌာန တိုင်ကြားရေးယန္တရားသို့ တိုင်ကြားနိုင်ပြီး အခြေခံလူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်နေသော အလုပ်ရှင်များအား မှတ်တမ်းများ ရယူ၍ ထိရောက်စွာ အရေးယူသွားမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စစ်အာဏာရှင်တော်လှန်ရေးတွင် ရဲရဲဝင့်ဝင့်တိုက်ပွဲဝင်နေကြသည့် အလုပ်သမားများ အပါအဝင် ပြည်သူများအပေါ် ထိုသို့ ခွဲခြားဆက်ဆံမှုများသည် စစ်အာဏာရှင်စနစ် တည်မြဲစေရန် ထောက်တိုင်သဖွယ် ကူညီဆောင်ရွက်ပေးနေသည်ကို ပြင်းထန်စွာရှုံ့ချကြောင်း ဆက်လက်ဖော်ပြထားသည်။ https://bit.ly/3eoVZoP

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အလုပ်သမားဝန်ကြီးဌာန

ကြေညာချက်အမှတ် (၁၁/၂၀၂၂)
၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့)

အလုပ်သမားများနှင့် အလုပ်ခန့်ထားမှုအပေါ်တွင် ခွဲခြားဆက်ဆံမှုများ ပြုလုပ်နေခြင်းအပေါ် ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း ကြေညာခြင်း

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အကြမ်းဖက် စစ်တပ်က မတရား အာဏာသိမ်းယူရန် ကြိုးပမ်းလျက်ရှိသည့် ကြားကာလတွင် အလုပ်ရှင်၊ အလုပ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဖိနှိပ်မှုများနှင့် အခွင့်အရေးချိုးဖောက်ခံရမှုများကို တတ်နိုင်သည့် နည်းလမ်းပေါင်းစုံဖြင့် ကူညီဖြေရှင်းပေးလျက်ရှိပါသည်။ တဘက်တွင်လည်း အခြေခံအလုပ်သမား အခွင့်အရေးများ ဥပဒေနှင့်အညီရရှိရေး၊ အလုပ်အကိုင်တည်မြဲရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ပြည်တွင်းနှင့် ပြည်ပရောက် မြန်မာအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး လုပ်ငန်းများစနစ်တကျဖြစ်စေရန် အတွက် တည်ဆဲဥပဒေမူဘောင်များအား ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့သော် အကြမ်းဖက်စစ်တပ်နှင့်၎င်းတို့၏အပေါင်းအပါလုပ်ငန်းရှင်များသည် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြု၍ အလုပ်သမားများအပေါ် ဥပဒေမဲ့ရမ်းကားမှုများ ပြောင်ပြောင်တင်းတင်း လုပ်ဆောင်နေပြီး စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့ အပါအဝင် ပြည်နယ်အချို့မှ အလုပ်သမားများအား ၎င်းတို့ ကိုင်ဆောင်ထားသည့် မှတ်ပုံတင်ကို အခြေခံ၍ အလုပ်ထုတ်ခြင်း၊ အလုပ်မခန့်ခြင်း၊ အကြမ်းဖက်စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူးများ နှင့်ပူးပေါင်း၍ အဆောင်များတွင် ဆက်လက်နေထိုင်ခွင့်မရရန် ဖိအားပေးခြင်း အစရှိသည့် နည်းလမ်းမျိုးစုံဖြင့် ဖိနှိပ်မှုများ ပြုလုပ်နေကြောင်း တွေ့ရှိရပါသည်။

၃။ စစ်အာဏာရှင် တော်လှန်ရေးတွင် ရဲရဲဝင့်ဝင့် တိုက်ပွဲဝင်နေကြသည့် အလုပ်သမားများ အပါအဝင် ပြည်သူများအပေါ် ထိုသို့ခွဲခြားဆက်ဆံမှုများသည် စစ်အာဏာရှင်စနစ် တည်မြဲစေရန်


၂

ထောက်တိုင်သဖွယ် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ ရှုံ့ချပါသည်။

၄။ အလုပ်ရှင်များအနေဖြင့် မည်သည့်အကြောင်းကြောင့်မျှ အလုပ်သမားများ အပါအဝင် ပြည်သူအားလုံးအပေါ် ခွဲခြားဆက်ဆံမှုမပြုလုပ်ရန်နှင့် အတတ်နိုင်ဆုံးကူညီဖေးမခြင်းဖြင့် စစ်အာဏာရှင် တော်လှန်ရေးတွင် တဖက်တလမ်းမှ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

၅။ လုပ်ငန်းခွင် သို့မဟုတ် အလုပ်ခန့်ထားမှုတွင် တနည်းနည်းဖြင့် ခွဲခြားဆက်ဆံခံရသော အလုပ်သမားများအနေဖြင့် အလုပ်သမားဝန်ကြီးဌာန တိုင်ကြားရေးယန္တရားသို့ တိုင်ကြားရန်နှင့် ထိုသို့ အခြေခံလူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်နေသော အလုပ်ရှင်များအား မှတ်တမ်းများရယူ၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

၈။ Spring Yangon Investment အိမ်ရာစီမံကိန်း၏ သံသုမ္ဘာအရောင်း မြေကွက်များ ပထမရက်၌ပင် ရောင်းကုန်ခဲ့

အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက လုပ်ဆောင်နေသည့် Spring Yangon Investment အိမ်ရာစီမံကိန်း၏ သံသုမ္ဘာအရောင်းမြေကွက်များမှာ စတင်ရောင်းချသည့် ပထမရက်၌ပင် ရောင်းကုန်ခဲ့ကြောင်း The End of Dictatorship က စက်တင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ရောင်းချနေသည့် မြေကွက်မှာမှာ နွေဦးရိပ်မွန်ဟု အမည်ပေးထားသည့် မင်းဓမ္မတွင် ပေ ၆၀ x ၈၀ အကွက် ၁၀၀ ၊ နွေဦးမော်ကွန်းသစ်ဟု အမည်ပေးထားသည့် သံသုမာတွင် ပေ ၆၀ x ၈၀ အကွက် ၂၀၀ နှင့် နွေဦးမော်ကွန်းသစ်အမည်ပေးထားသည့် သံသုမာတွင် ပေ ၄၀ x ၆၀ အကွက် ၄၀၀ တို့ဖြစ်သည်။

ဝယ်ယူမယ့်သူများက မြေကွက်တန်ဖိုး၏ ၄၀ ရာခိုင်နှုန်းကို တော်လှန်ရေး ကာလအတွင်း၌ ပေးချေရမည် ဖြစ်ပြီး ကျန်သည့် ၆၀ ရာခိုင်နှုန်းကို တော်လှန်ရေးကာလအလွန် စီမံကိန်း ပြင်ဆင်ချိန်တွင် ပေးချေရမည်ဖြစ်ကာ ကြိုတင်ပေးချေရမည့် တန်ဖိုးငွေ ၄၀ ရာခိုင်နှုန်းကိုလည်း ၃ လ အတွင်းတွင် ၃ ကြိမ်အထိ အရစ်ကျ ငွေပေးချေနိုင်မည်ဖြစ်သည်။

မြေဂရန်အမျိုးအစားမှာ နှစ် ၆၀ မြေငှါးဂရန်ဖြစ်ပြီး၊ ဂရန်ပြည့်ချိန်တွင် အစိုးရ၏ သဘောတူညီချက်နှင့် ထပ်ဆောင်း အငှါးကာလ ၁၀ နှစ် နှင့် နောက်ထပ် ၁၀ နှစ် တိုးခွင့်ရှိမှာဖြစ်သလို စီမံကိန်း ပြင်ဆင်ချိန်တွင် သတ်မှတ်လက်ကျန်ငွေ ပေးချေပြီးပါက မြေဂရန် ရရှိမည်ဖြစ်သည်။

ပိုင်ဆိုင်မှုအထောက်အထား (မြေဂရန်) ရရှိပြီးပါက တည်ဆဲ ဥပဒေများ အရ လွှဲပြောင်း/ရောင်းချခွင့် ရှိကြောင်း ဖော်ပြ ထားသလို စီမံကိန်း ပြင်ဆင်ချိန်တွင် ပေးချေရမည့် ၆၀ရာခိုင်နှုန်း ကို ဝယ်ယူသူများ အဆင်ပြေစေမည့် အရစ်ကျစနစ်နှင့် ပေးသွင်းနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်းလည်း ဆက်လက်ဖော်ပြထားသည်။ https://bit.ly/3KUbBN9

ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

၉။ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေး ကျင်းပပြုလုပ်

ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ် (၂၇/၂၀၂၂) ကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီအချိန်မှာ ပြုလုပ်ခဲ့ကြသည်။

အစည်းအဝေးတွင် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းကတက်ရောက်လာကြသောအစိုးရအဖွဲ့ဝင်များ ဘေးကင်းရန်ကွာရှိကြပါစေကြောင်း၊မိမိတို့ကော်မတီအနေဖြင့် ယခုလဆိုလျှင် တစ်နှစ်ပြည့်ပြီဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများအလိုက် တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ခုခံစစ်အတွက် ပြင်ဆင်ဆောင်ရွက်ကြရသကဲ့သို့ စိုးမိုးနယ်မြေများတွင် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ စီမံဆောင်ရွက်ရခြင်းသည် မလွယ်ကူပါကြောင်း၊ ဝန်ကြီးဌာနများ၏ နှစ်ပတ်တစ်ကြိမ်တင်ပြချက်များမှ မြေပြင်လိုအပ်ချက်များကို မြင်တွေ့ရနေရပါကြောင်း၊ စိုးမိုးထိန်းချုပ်နယ်မြေများ များပြားလာသည်နှင့်အမျှ ဘဏ္ဍာငွေ လိုအပ်ချက်သည်လည်း များပြားလျက်ရှိမည်ဖြစ်ပါကြောင်းပြောကြားသည်။

ထိုအပြင်စစ်ကောင်စီ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းမှုကြောင့် ပြည်သူများအနေဖြင့် စီးပွားရေးကျဆင်းမှုဒဏ်ကို

စာမျက်နှာ (၉) သို့

စာမျက်နှာ (၈) မှ



အပြင်းအထန်ခံစားနေရပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စုစည်းထားရှိသည့်အင်အားဖြင့် ပြည်သူတို့၏ အခက်အခဲများကို အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ တရားစီရင်ရေးကဏ္ဍတွင် ကြားကာလနှင့်လျော်ညီသည့် တရားရေးမဏ္ဍိုင်တစ်ရပ် ဖော်ထုတ်ရန်နှင့် ပြည်သူသို့ချပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် နောင်အနာဂတ်လူငယ်များအတွက် တက်ညီလက်ညီဖြင့် လက်တွဲညီညီဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာကြသော ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီအဖွဲ့ဝင်များမှ (၂၆/၂၀၂၂) တွင်ချမှတ်ထားသော ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းစဉ်များကို ချပြရှင်းလင်းပြီး အထူးဒေသအတွင်း ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ထားရှိသည့် ကိစ္စရပ်များအပေါ် တက်ရောက်လာသော တာဝန်ရှိသူများမှ အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

https://bit.ly/3ehk3cZ

အခြားကော်မရှင် နှင့် ကော်မတီများ

၁၀။ CDM စစ်သား ၂ဦးကို မိသားစုနဲ့ ပြန်ဆုံဆည်းနိုင်ရေး အမျိုးသား ညီညွတ်ရေးအစိုးရ နှင့် KNU တို့ ပူပေါင်းကူညီပေးလျက်ရှိ

စာမျက်နှာ (၁၀) သို့

စာမျက်နှာ (၉) မှ

ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့်ချိတ်ဆက်ကာ CDMလုပ်ဆောင်ခဲ့သည့်စစ်ကောင်စီတပ်သား ၂ဦးကိုမိသားစုနှင့်ပြန်လည်ဆုံဆည်းနိုင်ရေး အမျိုးသားညီညွတ်ရေးအစိုးရနှင့် KNUက ထပ်မံ ကူညီဆောင်ရွက်ပေးခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အကြမ်းဖက်စစ်ကောင်စီကို စွန့်ခွာလာသည့် တပ်မတော်သား ရဲသားတို့၏အရေးကိစ္စနှင့်ပတ်သက်ပြီး ပြည်သူ့ရင်ခွင်ခိုလှုံရေးအစီအစဉ် အကောင်အထည်ဖော်မှုကော်မတီကို ပြည်ထောင်စုဝန်ကြီးချုပ်ကိုယ်တိုင်ဦးဆောင်ဖွဲ့စည်းကာ စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

KNU က အခုထပ်မံကူညီပေးခဲ့တာက ဩဂုတ်လဆန်းမှာ CDM ပြုလုပ်လာတဲ့ ခမရ (၂) က တပ်သား ဟိန်းစိုးနဲ့ ခလရ(၅၄) က တပ်ကြပ် သန်းနိုင်ဦးတို့ရဲ့ မိသားစုများဖြစ်သည်။

ပြည်သူ့ရင်ခွင်ခိုလှုံလာသူ များနှင့် မိသားစုများ ဆုံဆည်းရေးကို ယခင်ကလည်း ကူညီဆောင်ရွက်ပေးခဲ့ဖူးပြီး ဇူလိုင်လကုန်ပိုင်းက KNU ထံ ခိုလှုံလာတဲ့ တပ်မ(၄၄) လက်အောက်ခံ ခမရ (၂၀၇) မှ ဒုတပ်ကြပ် ကျော်နိုင်စိုးရဲ့ ကျန်ရှိမိသားစုဝင်များကို KNUက ခေါ်ယူပေးခဲ့ရာ ဩဂုတ် ၁၃ရက်မှာ ဒုတပ်ကြပ်ကျော်နိုင်စိုးဟာ သူရဲ့မိသားစုတွေနဲ့ ဆုံဆည်းနိုင်ခဲ့ခြင်းဖြစ်သည်။

ပြည်သူ့ဘက် ရပ်တည်လာတဲ့ စစ်ကောင်စီတပ်သားများကို KNUနှင့် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်သူ့ရင်ခွင်ခိုလှုံရေး အစီအစဉ်အကောင်အထည်ဖော်မှု ကော်မတီတို့ပူးပေါင်းပြီး လုံခြုံတဲ့နေရာသို့ပို့ကာ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ https://bit.ly/3CUSXTq

---

နိုင်ငံခြားရေးဝန်ကြီးဌာန

၁၁။ အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင် ချက်သမ္မတနိုင်ငံသို့ ရောက်ရှိကာ မြန်မာ့အရေး တွေ့ဆုံဆွေးနွေး

အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင်သည် ချက်သမ္မတနိုင်ငံသို့ ရောက်ရှိကာ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာနိုင်ငံအရေး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒေါ်ဇင်မာအောင်သည် အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း ၊ အမျိုးသားညီညွတ်ရေးအစိုးရ ချက်သမ္မတနိုင်ငံဆိုင်ရာကိုယ်စားလှယ် ဦးလင်းသန့်တို့နှင့် အတူ မြန်မာ့ဒီမိုကရေစီမိတ်ဆွေ(ဒီမိုကရေစီလှုပ်ရှားမှုအားအစဉ်အားပေးကူညီထောက်ခံခဲ့သူ) ချက်သမ္မတဟောင်း ဗားကလက်ဟာဗယ် အုတ်ဂူသို့ သွားရောက်ပြီး အမှတ်တရပန်းစည်းနဲ့ ဂါရဝပြုခဲ့ကြပါသည်။ https://bit.ly/3AR0m3j

တစ်ပတ်အတွင်းအစည်းအဝေးနှင့်တွေ့ဆုံပွဲများ

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၁။	ဩဂုတ် ၂၆	ကာကွယ်ရေးဝန်ကြီးဌာန	ပြည်သူ့တော်လှန်ရေးရန်ပုံငွေ ကျပ်သိန်းပေါင်း နှစ်သောင်း ခုနှစ်ထောင့် ငါးရာတိတိ ရရှိရန် အဖက်ဖက်မှ ဝိုင်းဝန်းကူညီထောက်ပံ့ပေးသည့် "မမများနှင့်ပွဲကမယ်" စီမံကိန်းအဖွဲ့သားများကို ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်	https://bit.ly/3qahjAX
၂။	ဩဂုတ် ၂၆	အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် တိုးချဲ့ ပအဖများ တွေ့ဆုံဆွေးနွေးပွဲ အစည်းအဝေး	တိုးချဲ့ပအဖဒေသများအတွင်း လျှပ်စစ်၊ ဆက်သွယ်ရေး၊ အခွန်ကောက်ခံမှု၊ ကျန်းမာရေး၊ ပညာရေး၊ တရားစီရင်ရေး၊ သယံ ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးအပါအဝင် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိ မှုများကို ဌာနဆိုင်ရာများမှ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။	https://bit.ly/3TIMi4I